**BASF**

We create chemistry

## "ပိုးသတ်ဆေး အန္တရာယ်ကင်းစေဖို့ **Farmer Kit** ကို သုံးကြစို့"



## စတီးဝပ်ရှစ် မိတ်ဆက်

စတီးဝပ်ရှစ် ဆိုသည် ထုတ်ကုန်စီမံခန့်ခွဲမှုအတွက် ထုတ်ကုန်တစ်ခု တီထွင်ထုတ်လုပ်သည့်မှစ၍ အသုံးမပြုမီ၊ အသုံးပြုသည့်အချိန်၊ အသုံးပြုပြီးနောက် စွန့်ပစ်သည်အထိ လူနှင့် ပတ်ဝန်းကျင်ကိုမထိခိုက်အောင် သတ်မှတ်ထားသော ကျင့်ဝတ်များနှင့်အညီ တာဝန်ယူ ထိန်းသိမ်းဆောင်ရွက်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ စတီးဝပ်ရှစ် လုပ်ငန်းစဉ်၏ အဓိကရည်ရွယ်ချက်မှာ သီးနှံကာကွယ်ရေး ပိုးသတ်ဆေးများကို အသုံးပြုခြင်းဖြင့် စိုက်ထားသော သီးနှံမှအကျိုးအမြတ် များများရရှိရန်နှင့် ပိုးသတ်ဆေး၏ ဘေးထွက်ဆိုးကျိုးများကို အနည်းဆုံးဖြစ်ရန် ရည်ရွယ်သည်။

## ဆေးဖျော်စပ်စဉ် ပိုးသတ်ဆေးအား အန္တရာယ်ကင်းစွာ ကိုင်တွယ်ရေးလမ်းညွှန် လိုက်နာရမည့် အချက်များ

- ပိုးသတ်ဆေးဖျော်စပ်ရာတွင် အမြဲသန့်ရှင်းသောရေကို သုံးပါ။
- အကာအကွယ်ဝတ်စုံများဖြစ်သော လက်အိတ်၊ မျက်နှာအကာ၊ မျက်လုံးကိုကာနိုင်သော မျက်မှန်အကြည်၊ ဦးထုပ်၊ ခါးစည်း၊ ဘောင်းဘီရှည်၊ လည်ရှည်ရာဘာဖိနပ် အစရှိသော အကာအကွယ်ဝတ်စုံများကို ဝတ်ဆင်ပါ။
- ပိုးသတ်ဆေးအားအသုံးမပြုမီ ပိုးသတ်ဆေးဗူးတွင်ပါသော အညွှန်းစာကို သေချာစွာဖတ်ပါ။

## ဆေးဖျော်စပ်စဉ် ပိုးသတ်ဆေးအား အန္တရာယ်ကင်းစွာ ကိုင်တွယ်ရေးလမ်းညွှန် ရှောင်ကြဉ်ရမည့် အချက်များ

- ပိုးသတ်ဆေးများ ဖျော်စပ်ရာတွင် နောက်ကျိသောရေကို မသုံးပါနှင့်။
- အကာအကွယ်ဝတ်စုံ မဝတ်ဆင်ပဲ ပိုးသတ်ဆေး ကိုင်တွယ်ပြင်ဆင်အသုံးပြုခြင်း မပြုပါနှင့်။
- ပိုးသတ်ဆေးရည်များအား ခန္ဓာကိုယ်ပေါ်တွင် ဖိတ်ကျထိတွေ့မှု မရှိပါစေနှင့်။
- ပိုးသတ်ဆေးဘူးတွင်ပါသော အညွှန်းစာကို မဖတ်ပဲ ပိုးသတ်ဆေးအား အသုံးမပြုပါနှင့်။
- ပြင်ဆင်ဖျော်စပ်ပြီးသော ပိုးသတ်ဆေးရည်အကျန်များအား (၂၄) နာရီပြီးနောက် ထပ်မံအသုံးမပြုပါနှင့်။
- ပိုးသတ်ဆေး ကိုင်တွယ်အသုံးပြုနေစဉ် အစာစားခြင်း၊ ရေသောက်ခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်း မပြုပါနှင့်။

## ဆေးဖျန်းစဉ် ပိုးသတ်ဆေးအား အန္တရာယ်ကင်းစွာ ကိုင်တွယ်ရေးလမ်းညွှန် လိုက်နာရမည့် အချက်များ

- ပိုးသတ်ဆေးများအား သတ်မှတ်ထားသောနှုန်းထားအတိုင်းအသုံးပြု ဖျော်စပ်ပါ။
- ပိုးသတ်ဆေးဖျန်းပက်ခြင်းအား အေးမြသာယာသော နေ့/အချိန်တွင်သာ ဆောင်ရွက်သင့်သည်။
- ပိုးသတ်ဆေးဖျန်းပက်ခြင်းအား နေသာသောနေ့တွင်သာ ဆောင်ရွက်သင့်သည်။
- ပိုးသတ်ဆေးဖျန်းပက်ရာတွင် သတ်မှတ်ထားသော ဆေးဖျန်းပုံးအား အသုံးပြုပါ။
- ပိုးသတ်ဆေးဖျန်းပက်ချိန်တွင် လေလာရာ လေညာအရပ်မှ ဖျန်းပက်သင့်သည်။
- ပိုးသတ်ဆေးဖျန်းပြီးနောက် ပိုးသတ်ဆေးပုံးနှင့် အခြားအသုံးပြုပစ္စည်းများအား ရေနှင့် ဆပ်ပြာ အသုံးပြုပြီး ဆေးကြောပါ။
- ဆေးဖျန်းပြီးတောက် လူနှင့် တိရစ္ဆာများ စိုက်ခင်းအတွင်း ချက်ခြင်းဝင်ရောက်ခြင်း မရှိစေရ။

## ဆေးဖျန်းစဉ် ပိုးသတ်ဆေးအား အန္တရာယ်ကင်းစွာ ကိုင်တွယ်ရေးလမ်းညွှန် ရှောင်ကြဉ်ရမည့် အချက်များ

- ပိုးသတ်ဆေးများကို သတ်မှတ်ထားသော နှုန်းထားထက် ပိုပြီး အသုံးမပြုပါနှင့်။
- နေပူပြင်းပြီး လေပြင်းသောနေ့များတွင် ပိုးသတ်ဆေး မဖျန်းပါနှင့်။
- မိုးမရွာမီနှင့် မိုးရွာပြီးချက်ခြင်း ဆေးမဖျန်းပါနှင့်။
- ပိုးသတ်ဆေးဗူး အခွံနှင့် ပိုးသတ်ဆေးကိုင်တွယ်အသုံးပြုထားသော အရာများအား ဆေးကြောပြီး အခြားအိမ်သုံးအတွက် အသုံးမပြုပါနှင့်။
- ဆေးဖျန်းထားသော စိုက်ခင်းအတွင်း အကာအကွယ်ဝတ်စုံအသုံးမပြုပဲ ချက်ခြင်းဝင်ရောက်ခြင်း မပြုရ။

BASF
We create chemistry

BASF SE, Ludwigshafen, DE
Carl-Bosch-Str.38
67056 Ludwigshafen, Germany.

BASF
We create chemistry